**သင်၏ဆေး - Amlodipine (သွေးတိုးကျဆေး) ________ mg**

**အဘကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုသောက်ရပါသနည်း?** သင့်တွင် သွေးတိုးရောဂါရှိသည်။ ကုသမှုမရှိလျှင် သွေးတိုးရောဂါသည် အန္တရာယ်ရှိသည်။ ၎င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးဖောက်ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကုသမှုမရှိသည့်သွေးတိုးရောဂါကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။

**မနက်တိုင်းတွင် ပထမဦးဆုံးအနေဖြင့် ဆေး ၁ လုံးသောက်ပါ။** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

**ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?** ဤဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာ တစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုးကျိုးများအချို့မှာ Amlodipine (သွေးတိုးကျဆေး) သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ မူးဝေခြင်း၊ ခေါင်းအနည်းငယ်ကိုက်ခြင်း၊ ခြေထောက်/ခြေချင်းဝတ်များ ရောင်ကိုင်းခြင်းတို့ ပါဝင်နိုင်ပါသည်။

ဤသည်တို့မှာ မကြာခဏဖြစ်လေ့ရှိသော ဘေးထွက်ဆိုးကျိုးများမဟုတ်သော်လည်း မကြာခဏဖြစ်ပေါ် နိ
ုင သည်။ သို့သော် ပြင်းထန်နိုင်ပါသည်။ **မရပ်တန့်နိုင်သော မအီမသာပျို့ချင်အန်ချင်ဖြစ်ခြင်း/ေ**
**အာ့အန်ခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ နှင့် ဗိုက်/ဝမ်းဗိုက်နာခြင်း၊ အင်ပြင် ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊**
**လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှူရန် ခက်ခဲခြင်း ရင်ဘတ်နာခြင်း သို့မ**
**ဟုတ် ရင်ဘတ်/ မေးရိုး/ ဘယ်ဘက်လက်မောင်းနာခြင်း၊ မောဟိုက်ခြင်း သို့မဟုတ် ပုံမှန်မဟုတ်သည့် ေ**
**ချွေးကျခြင်း စသည့် နှလုံးထိခိုက် ခြင်းလက္ခဏာများတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးေ**
**ပါ် ခန်းသို့ ချက်ချင်းသွားပါ။**

**နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Amlodipine သောက်နေကြောင်း ပြောပြပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"